# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၁၄)

## လူတဦးခြင်းစီရဲ့ အခြေခံလွတ်လပ်ခွင့်တွေကို အကာအကွယ်ပေးနိုင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ

ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ပေါ်ပေါက်လာဘို့ လူထုက ဘာကြောင့်မြှော်လင့်ချက်တွေထားပြီး စွမ်းဆောင်ကြိုးပမ်းဘို့လိုပါသလဲ။ ဒီမေးခွန်းရဲ့အဖြေကို ရနိုင်ဘို့အတွက် ရိုးရိုးဥပဒေတွေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတို့ ရဲ့ကွာခြားချက်ကို သတိပြုဘို့လိုပါလိမ့်မယ်။ ရိုးရိုးဥပဒေတွေဟာ များသောအားဖြင့် လူတွေကို ချုပ်ချယ်ကန့်သတ်ထားတဲ့ အရာတွေဖြစ်လေ့ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ လူတွေရဲအခွင့်အရေးတွေကို ကာကွယ်ဖေါ်ဆောင်ပေးရတဲ့ အရာပါ။ ဒါကြောင့်လဲ လူတဦးခြင်းစီရဲ့ အခြေခံလွတ်လပ်ခွင့်တွေကို အကာအကွယ် ပေးနိုင်စေဘို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို လူထုကမြှော်မှန်းချက်ထားရတာပါဘဲ။

အခြေခံလွတ်လပ်ခွင့်ထဲမှာ အရေးကြီးဆုံးကတော့ အသက်ရှင်သန်ပိုင်ခွင့် ဖြစ်ပါတယ်။ လူရယ်လို့ ဖြစ်လာတဲ့အခါမှာ ကိုယ့်အသက်တောင်ကိုယ်ရှင်သန်ခွင့် မရတော့ဘူးဆိုရင် ဘာလွတ်လပ်ခွင့်မှမရှိတော့ဘူးလို့ ပြောရမှာပါဘဲ။ အသက်ရှင်သန်ခွင့်နဲ့ ပတ်သက်တဲ့ ပြဿနာတွေအများကြီးပါ။ အရေးအကြီးဆုံး ပြဿနာကတော့ အသက်ရှင်သန်ပိုင်ခွင့်ကို အခြားသူတစုံတဦးက လာရောက်ထိပါးခြင်းမရှိအောင် ဥပဒေနဲ့အညီ ဘယ်လို ကာကွယ်စေါင့်ရှောက်မလဲ ဆိုတာဖြစ်တယ်။ လူတယောက်ဟာ ပြစ်မှုတစုံတရာမကျူးလွန်သမျှကာလပတ်လုံး သဘာဝတရားအရ ရှည်နိုင်သလောက် ရှည်ရှည် အသက်ရှင်သန်ခွင့် ရှိတယ်။ ပြစ်မှုတစုံတရာနဲ့ ပတ်သက်မှုတွေရှိလာတဲ့အခါမှာ တောင်၊ အသက်ရှင်သန်ပိုင်ခွင့်ကို ထိမ်းသိမ်းနိုင်အောင် အောက်ပါအခြေခံတွေကနေ စဉ်းစားဘို့ လိုလာပါတယ်။

(က) ပြစ်မှုကျူးလွန်တယ်လို့ စွပ်စွဲဖမ်းဆီးခံရတဲ့အချိန်ကစလို့ လွတ်လပ်တဲ့တရားရုံးကလုပ်ထုံးလုပ်နည်း များနဲ့အညီ အများပြည်သူရှေ့မှောက်မှာ စစ်ဆေးတဲ့အခါမှာ အပြည့်အဝ ခုခံထုချေခွင့် ရှိဘို့။

(ခ) မှားယွင်းဖမ်းဆီးအရေးယူခံရတဲ့ အခါတိုင်းမှာ နစ်နာမှုရှိခဲ့ရင် သင့်တင့်လျှောက်ပတ်တဲ့ လျော်ကြေး ခံစားခွင့် ရှိဘို့။

(ဂ) အထက်ပါ အချက်နှစ်ရပ် အကောင်အထည်ပေါ်လာစေရေးအတွက် တိုင်းပြည်ရဲ့ အာဏာပိုင် အဆောက်အအုံ State Institution တွေ လွတ်လပ်အားကောင်းစွာ တည်ရှိနေစေဘို့ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်က ထိုင်းနိုင်ငံမှာ ရှရီအန်းလင်တန်ဆိုတဲ့ အသက် တဆယ့်ခုနှစ်နှစ် အရွယ်ရှိတဲ့ ထိုင်းအမေရိကန် ကပြားမလေးတယောက်ဟာ မုဒိမ်းကျင့်ပြီး အသတ်ခံခဲ့ရတယ်။ အဲဒီအမှုနဲ့ ပတ်သက်လို့ ရဲကလူလေးယောက်ကို ဖမ်းဆီးရုံးတင်တရားစွဲဆိုခဲ့တယ်။ ရုံးက ပြစ်မှုထင်ရှားတွေ့ရှိကြောင်း သုံးသပ်ချက်နဲ့အတူ သေဒဏ် ချမှတ်ခဲ့တယ်။ သေဒဏ်ပြစ်ဒဏ်အပေါ် အယူခံအဆင့်ဆင့် တက်နေစဉ်အတွင်းမှာ ပြစ်မှုကျူးလွန်ရာမှာ ကိုယ်တိုင်ပါဝင်ခဲ့တဲ့ တက္ကစီ ဒရိုင်ဘာတဦးက ရဲရှေရောက်လာပြီး ထပ်မံဖြောင့်ချက်ပေးခဲ့တယ်။ တရားခံအစစ်တွေဟာ ယခုပြစ်ဒဏ်ချမှတ်ခံနေရသူတွေ မဟုတ်၊ အခြားသူတွေဖြစ်တယ်ဆိုတဲ့ အကြောင်းထုတ်ဖေါ်ဝန်ခံခဲ့တဲ့အတွက် အမှုကို အစအဆုံး ပြန်စစ်ဆေးခဲ့ရတယ်။ ပြီးတော့ မူလသေဒဏ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသူလေးဦးလုံးကို အမှုကနေ ကွင်းလုံးကျွတ်လွတ်စေဘို့ အမိန့်ကို တရားရုံးချုပ်က ပြန်လည်ချမှတ်ခဲ့ရတယ်။ ကိုင်း အမှုကတော့ ပြီးဆုံးသွားပါပြီ။ အပြစ်ရှိတယ်ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ သေဒဏ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရသူတွေရဲ့ အခြေအနေတွေ ဘယ်လိုရှိပါသလဲ။

အမှုကို အယူခံတက်နေစဉ်အတွင်း တယောက်က ထောင်ထဲမှာတင် ကွယ်လွန်သွားခဲ့တယ်။ နောက်တယောက်ကထောင်ထဲကရခဲ့တဲ့ ရောဂါနဲ့ ထောင်ပြင်ရောက်ပြီး မကြာခင်မှာထပ်မံကွယ်လွန်သွားခဲ့ ပြန်တယ်။ တတိယတယောက်ကလဲ ထောင်ရဲ့ဒဏ်ရာဒဏ်ချက်တွေကြောင့် စိတ်ပိုင်းဆိုင်ရာထိခိုက် ချို့ယွင်းသွားခဲ့တယ်။ အပြစ်ကင်းမဲ့သူ လေးဦးအနက် တဦးသာ အကောင်းပတိ ပြန်လွတ်လာနိုင်ကြောင်းတွေ့ရတယ်။ ဒီ အမှုကြီးဟာ ထိုင်းတနိုင်ငံလုံးမှာသတင်းဆိုးကြီးသဘွယ် တမုဟုတ်ချင်းပြန့်နှံ့သွားပါတယ်။ ထိုင်းနိုင်ငံရဲ့တရားစီရင်ရေးမဏ္ဍိုင်ကြီး လုံးဝယိမ်းယိုင်သွားခဲ့ပြီလို့ ထိုင်းနိုင်ငံဥပဒေပညာရှင်များလောကက သတ်မှတ်ခံလိုက်ရတဲ့ မှုခင်းကြီးလဲဖြစ်ပါတယ်။

ဒီ မှုခင်းကြီး ဖြစ်ပွားအပြီးမှာ လူတွေရဲ့ အခြေခံလွတ်လပ်ခွင့်တွေကို အခြေခံဥပဒေနဲ့ အညီ စနစ်တကျကာကွယ်စောင့်ရှောက်ဘို့၊ လွတ်လပ်အားကောင်းပြီး အမှန်တရားကို ဖေါ်ထုတ်နိုင်စွမ်းရှိတဲ့ ပြစ်မှုပိုင်းဆိုင်ရာ တရားမျှတမှု ရှာဖွေတဲ့စနစ် **Criminal Justice System** ကို တည်ဆောက်ဘို့၊ ဆိုတဲ့ လှုပ်ရှားမှုတွေ တောက်လျှောက်ပေါ်ပေါက်ခဲ့ ပါတယ်။ မတရား တရားစွဲဆိုခံရရင် နစ်နာမှုမှန်သမျှအတွက် ထိုက်တန်တဲ့ လျော်ကြေးငွေပေးရမယ်ဆိုတဲ့ တောင်းဆို မှုတွေလဲရှိလာတယ်။ နောက်ဆုံး အဲဒီအမှုကြီးမှာ ကွယ်လွန်သွားခဲ့သူတဦးစီအတွက် မြန်မာကျပ်ငွေသိန်းတထောင်ကျော်ပမာဏရှိတဲ့ လျော်ကြေးငွေ ပေးအပ်ခဲ့ကြောင်းသိရတယ်။

အဲဒီလို ဖြစ်ရပ်မျိုးတွေ ထပ်မဖြစ်စေဘို့အတွက် ထိုင်းနိုင်ငံမှာ ပေါ်ပေါက်ခဲ့တဲ့ ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လွတ်လပ်အားကောင်းတဲ့ တရားစီရင်ရေးမဏ္ဍိုင်တည်ဆောက်ဘို့ အခြေခံတွေချမှတ်ခဲ့တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ အုပ်ချုပ်ရေးတရားရုံး၊ ပြစ်မှုတရားမမှုတွေကို အဓိကစစ်ဆေးစီရင်ဘို့ တရားရုံးချုပ်စသဖြင့်တရားရုံးသုံးရုံးစနစ်ကို စတင်ကျင့်သုံးခဲ့တယ်။ အဲဒါ တွေတင်သာ မကသေးပါဘူး။ အစိုးရ အမှုထမ်းတွေကလူ့ အခွင့်အရေးချိုးဖေါက်မှုတွေကျူးလွန်ရင် စစ်ဆေးအရေးယူဘို့ လူ့အခွင့်အရေးကော်မရှင်၊ အုပ်ချုပ်ရေးအာဏာပိုင်တွေအပေါ် လူထုက မကြေနပ်ချက်တွေရှိလာရင် တိုင်တန်းနိုင်ဘို့ အွန်ဘတ်စ်မင်အရာရှိစတဲ့ အာဏာပိုင် အဆောက်အအုံတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ တည်ဆောက်ပေးခဲ့တယ်။ ယနေ့ မျက်မှောက်ကာလ ထိုင်းနိုင်ငံမှာ စစ်အာဏာသိမ်းအစိုးရ အုပ်ချုပ်နေဆဲကာလမှာ တောင်မှ ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ရှိတဲ့၊ တိုင်းပြည်ရဲ့အာဏာပိုင် အဆောက်အအုံတွေ ဆက်လက်ရပ်တည်လည်ပတ်ခွင့် ရတယ်။ အဲဒါကြောင့် နိုင်ငံသားတွေရဲ့ အခြေခံလွတ်လပ်မှုအခွင့်အရေးတွေကို အမြောက်အများကာကွယ်စောင့်ရှောက်မှု ပေးနေဆဲဖြစ်တယ်လို့ ပြောနိုင်ပါတယ်။

ထိုင်းနိုင်ငံရဲ့ လက်တွေ့တွေနဲ့ ဆက်စပ်ပြီး မြန်မာနိုင်ငံရဲ့ အနေအထားကို သုံးသပ်ကြည့်ရအောင်ပါ။ အခြေခံလွတ်လပ်ခွင့်ဆုံးရှုံးရာမှာ စံထားခဲ့ရတဲ့ ရှရီအန်းလင်တန် မှုခင်းထက်အဆမတန်ပိုပြီး ဆိုးဝါးတဲ့ မှုခင်းပေါင်းများစွာ၊ မြန်မာနိုင်ငံအတွင်းမှာ ဖြစ်ပွားခဲ့၊ ဖြစ်ပွားနေဆဲဆိုတာ အားလုံးအသိဖြစ်ပါတယ်။ နအဖရဲ့ ဖွဲ့စည်းပုံမူတွေထဲမှာ အခြေခံလွတ်လပ်ခွင့်တွေနဲ့ ပတ်သက်လို့ အောက်ပါအတိုင်းဖေါ်ပြထားတာကို တွေ့ရတယ်။

**မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာ ဆုံးရှုံးမှုမရှိစေရ။**

အဲဒီ ပြဋ္ဌာန်းချက်ကို အသေအချာ လေ့လာကြည့်ပါ။ **တည်ဆဲဥပဒေနဲ့ အညီမှ တပါး** ဆိုတဲ့ ချွင်းချက်ဆိုင်ရာ ပြဋ္ဌာန်းချက် **(Exceptional Clause)** ထည့်ထားတာကို သတိပြုပါ။ အဲသလို ထည့်ထားတာဟာ ဘယ်လိုအဓိပ္ပါယ် သက်ရောက်သွားစေပါသလဲ။ သာမန်အားဖြင့်ဘယ်သူ့ကိုမှ အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ် ဆိုင်ရာလွတ်လပ်မှုကိုဖြစ်စေ နစ်နာ ဆုံးရှုံးမှုမရှိစေရ။ ဒါပေမယ့် တည်ဆဲဥပဒေနဲ့ အညီဆိုရင်တော့ ဘယ်သူရဲ့ အသက်ကိုဖြစ်ဖြစ်၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်ဖြစ်၊ နစ်နာဆုံးရှုံးအောင် လုပ်ခွင့်ရှိကြောင်းရှင်းရှင်းပြဋ္ဌာန်းထားတာကို နားလည်ဘို့လိုပါတယ်။ မြန်မာနိုင်ငံမှာ အာဏာပိုင်တွေက သံသယရှိရုံနဲ့ လူတဦးကိုဖမ်းဆီးပြီး တရားရုံးမတင်ဘဲ ထောင်ထဲမှာ ငါးနှစ်အထိဖမ်းဆီးချုပ်နှောင်ထားနိုင်တဲ့ ၁၉၇၅ ခုနှစ် လုံခြုံရေးဥပဒေလို လူတွေရဲ့ အခြေခံလွတ်လပ်ခွင့်တွေကို ရုပ်သိမ်းထားတဲ့ ဥပဒေပေါင်းအမြောက်အများရှိနေတာ အားလုံးအသိပါဘဲ။ နအဖရဲ့ အခြေခံဥပဒေသာ အတည်ဖြစ်သွားရင် **"တည်ဆဲဥပဒေနဲ့ အညီ"** ဆိုတဲ့ ချွင်းချက်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို ကိုးကား၊ လက်ရှိတည်ဆဲ ဖေါက်ပြန်တဲ့ ဥပဒေတွေအားလုံးကို ရည်ညွှန်းပြီး ဘယ်သူရဲ့ အသက်ကိုဖြစ်ဖြစ်၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်ဖြစ်၊ ဆက်လက်နစ်နာဆုံးရှုံးအောင် လုပ်သွားတော့မယ်ဆိုတာ အသေအချာပါဘဲ။

နိုင်ငံသားတွေရဲ့ အခြေခံလွတ်လပ်ခွင့်တွေကို အခြားတိုင်းပြည်တွေရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ ဘယ်လိုများ ပြဋ္ဌာန်းထားသလဲ၊ ချွင်းချက်ဆိုင်ရာ ပြဋ္ဌာန်းချက်တွေ ဘယ်လိုများထည့်ထားသလဲ လေ့လာကြည့်ပါတယ်။ အာဏာရှင်စနစ်ရဲ့ ဖိနှိပ်အုပ်ချုပ်မှုအောက်ကနေ ဒီမိုကရေစီကို အသွင်ကူးပြောင်းသွားခဲ့ပြီဖြစ်တဲ့ တောင်အာဖရိက ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အောက်ပါအတိုင်းပြဋ္ဌာန်းထားတာတွေ့ရတယ်။

ပုဒ်မ ၁၂ (၁)။ ။ လူတိုင်းတွင် အောက်ပါအခွင့်အရေးများပါဝင်သည့် လွတ်လပ်မှုနှင့် လုံခြုံမှုခံစားပိုင်ခွင့်ရှိသည်။
(က) တရားသော အကြောင်းပြချက်မရှိဘဲ၊ လူ၏လွတ်လပ်မှုကို စိတ်ထင်မြင်ရုံမျှဖြင့် မရုပ်သိမ်းစေရ။
(ခ) အမှုစစ်ဆေးစီရင်ခြင်း မရှိဘဲ ဖမ်းဆီးချုပ်နှောင်ခြင်း မရှိစေရ။
(ဂ) အများရှေ့မှောက်တွင်ဖြစ်စေ၊ မျက်ကွယ်တွင်ဖြစ်စေ၊ အကြမ်းဖက်မှု ပြုမူခြင်းမှ လွတ်ကင်းစေရမည်။
(ဃ) မည်သည့် နည်းနှင့်မျှ နှိပ်စက်ညှင်းပမ်းခြင်းမပြုရ။
(င) ရက်စက်၊ လူမဆန်၊ လူ့သိက္ခာညှိုးနွမ်းသေးသိမ်စေသောနည်းဖြင့် ပြစ်ဒဏ်ပေးခြင်း ပြုမူဆက်ဆန်ခြင်း မရှိစေရ။

တောင်အာဖရိက နိုင်ငံသားတွေဟာ အာဏာရှင်စနစ်ဖိနှိပ်အုပ်ချုပ်မှုအောက်မှာ နှစ်ပေါင်းတရာနီးပါးမျှ နေခဲ့ရသူတွေဖြစ်ပါတယ်။ အဲဒီကာလတွေအတွင်းမှာ အခြေခံလွတ်လပ်မှု အခွင့်အရေးတွေကို နည်းပေါင်းစုံနဲ့ ရုပ်သိမ်းခံခဲ့ရတာကြောင့် အာဏာရှင်အုပ်ချုပ်မှုဟောင်းအောက်ကနေ ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်ဘို့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲကြတဲ့အခါမှာတော့ အခြေခံလွတ်လပ်မှု အခွင့်အရေးတွေကို အဲသလို အတိအကျထည့်သွင်းပြဋ္ဌာန်းခဲ့ကြတာပါ။ အသက်ရှင်သန်ခွင့်နဲ့ ပတ်သက်ပြီး ဘာချွင်းချက်မျှမပါဘဲ တောင်အာဖရိကနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ရှင်းရှင်းလင်းလင်း အောက်ပါအတိုင်းပြဋ္ဌာန်းခဲ့တယ်။

လူတိုင်းတွင် အသက်ရှင်သန်ခွင့်ရှိသည်။ (Everyone has the right to life.)

ဒါပေမယ့် နအဖရဲ့ ဖွဲ့စည်းပုံအခြေခံမူတွေမှာတော့ အခြေခံလွတ်လပ်ခွင့်တွေကို ချွင်းချက်တွေတသီကြီးနဲ့ ထိမ်းချုပ် ဖေါ်ပြထားတယ်။ အဲဒါအပြင် အခြေခံလွတ်လပ်မှုတွေကို ထိပါးခံရတဲ့အခါမှာ အရေးယူတိုင်တန်းပြီးရင်း စါးပြန်လည်ရရှိရေးဆောင်ရွက်နိုင်ဘို့ ထိုင်း၊ တောင်အာဖရိက စတဲ့နိုင်ငံတွေမှာလို လွတ်လပ်တဲ့ တိုင်းပြည်ရဲ့အာဏာပိုင် အဆောက်အအုံတခုတလေမျှမရှိ၊ ရှိတဲ့တရားစီရင်ရေးဟာလဲမလွတ်လပ်ရုံသာမက အုပ်ချုပ်ရေးအာဏာပိုင်တွေရဲ့ လက်ကိုင်တုတ်အဖြစ်အသုံးချခံရဘို့သာ ဖြစ်နေပါတော့တယ်။

ဒါဖြင့်ရင် နအဖ ရဲ့ ဖွဲ့စည်းပုံမူတွေကနေ လူထုအတွက် ဘာများမြော်လင့်အားထားဘွယ်ရာ ရှိနိုင်မှာပါလဲ။ ဘာတခုမျှ မရှိဘူးလို့ ရိုးရိုးပြောရမှာသာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နအဖဟာ အာဏာရှင်စနစ်ရဲ့ အုပ်ချုပ်မှုအောက်ကနေ ဒီမိုကရေစီကို တကယ်စစ်စစ်မှန်မှန် မကူးပြောင်းခြင်လို့ ဖြစ်ပါတယ်။ တကယ်တော့ နအဖဟာ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ အာဏာရှင်စနစ်ကို ကျင့်သုံးရာကနေ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ အာဏာရှင်စနစ်ကို ကျင့်သုံးတဲ့ အဆင့်ကို ကူးပြောင်းသွားမှာသာ ဖြစ်တဲ့အကြောင်း တင်ပြရင်း နိဂုံးချုပ်ပါရစေ။